ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဝါရှင်တန်မြို့

# " အ သိ ပေး နှိုး ဆော် ချက် "

၁။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ(pandemic)အဖြစ် ကြေညာချက်အရလည်းကောင်း၊ ယင်းရောဂါသည် ကမ္ဘာတစ်ဝန်း လျှင်မြန်စွာကူးစက်ပျံ့နှံ့နေသည့် အခြေအနေအရလည်းကောင်း ပြည်တွင်းသို့ကျရောက်နိုင်သည့် ရောဂါကူးစက်မှုအန္တရာယ်မှ ကာကွယ်နိုင်ရန် ခရီးသွားကန့်သတ်မှုများကို မြန်မာနိုင်ငံမှ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် လတ်တလောအခြေအနေအရ ပြည်ပမှ မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးသွားများအား ခရီးသွားကန့်သတ်ခြင်း (Travel Suspension)၊ ယာယီအသွားအလာကန့်သတ်ခြင်း(Quarantine)များ ဆောင်ရွက်ခြင်းတို့အပြင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Surveillance)များ ပြုလုပ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အမေရိကန်နိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေကြသော မြန်မာနိုင်ငံသားများ (ပညာသင်များအပါအဝင်)မှ အခြေအနေအရပ်ရပ်ကြောင့် မြန်မာနိုင်ငံသို့ သွားရောက်ရန်ရှိပါက အထက်ဖော်ပြပါအချက်များကို လိုက်နာရန် လိုအပ်မည်ဖြစ်ပါကြောင်းနှင့် **မြန်မာနိုင်ငံသို့ သွားရောက်နိုင်ရေးအတွက် အခက်အခဲတစ်စုံတစ်ရာပေါ်ပေါက်ပါက မြန်မာသံရုံး၊ ဝါရှင်တန်မြို့သို့ အောက်ဖော်ပြပါ တယ်လီဖုန်း/အီးမေးလ်/လူမှုကွန်ယက်စာမျက်နှာတို့မှတစ်ဆင့် ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည် -**

| | | |
|---|---|---|
| Phone | : | (202) 332 3344, (202) 332 4350, (202) 332 4352 (ရုံးချိန်) |
| Fax | : | (202) 332 4351 |
| Email | : | pyithayar@verizon.net |
| Website | : | www.mewashingtondc.org |
| Facebook Page | : | https://www.facebook.com/mmembassywashingtondc/ |

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
WASHINGTON

**မြန်မာသံရုံး၊ ဝါရှင်တန်မြို့ ။**
**ရက်စွဲ၊ ၂၀၂၀ ခုနှစ်၊ မတ်လ ၁၆ ရက်။**